ပိုတီယန် ဂိုဏ်းကွဲမှု

အေဒီ ၉ ရာစုတွင် (နောက်ပိုင်း အော်သိုဒေ့ါ ဖြစ်လာသည့်) အရှေ့တိုင်း ဘိုင်ဇန်တိုင်နှင့် အနောက်တိုင်း လက်တင် ရိုမန်ကာသိုလစ် တို့ကြား ဝိဝါဒကွဲမှုမှာ မြင့်မားလာခဲ့၍၊ ဘိုင်ဇန်တိုင် ဧကရာဇ် မိုက်ကယ်လ် (၃) က ပိုတီးယာ့စ် (၁)အား ဘိုင်ဇန်တိုင်၏ ဂိုဏ်းအုပ် ဘုန်းတော်ကြီး ရာထူးအား ခန့်အပ်ပေးမှုက ရောမ ပုပ်ရဟန်းမင်း ဂျွန်ပေါလ် (၇)၏ ရာထူးတည်ရှိမှုကို ပစ်ချလိုက်ပေသည်။ ပိုတီးယို့စ်အား ယခင်က အရှေ့အနောက် သဘော ထား ကွဲမှုပေါ်၌ ပုပ်ရဟန်းမင်းက တောင်းပန်ရန် ငြင်းဆန်ခဲ့၍ ပိုတီးယို့စ်က အရှေ့တိုင်း ကိစ္စများအပေါ်၌ ပုပ်ရဟန်းမင်းက သြဇာအာဏာပိုင်ဆိုင် ခြင်းကို လက်မခံဘဲ **ဖီလစ် filioque** ဥပဒေကို လက်ခံခဲ့ပေသည်။ ထိုဥပဒေမှာ သူ၏ ဂိုဏ်းအုပ် ဘုန်းတော်ကြီး ခံယူပွဲသို့ တက်ရောက်လာသော လက်တင် ကိုယ်စားလှယ် အဖွဲ့က သူ့အား လက်တင်အသင်းတော်၏ ထောက်ခံမှုရရန် အတွက် လက်ခံသဘောတူရန် ဖိအားပေးခြင်းဖြင့် ချုပ်ဆိုသော စာချုပ်ဥပဒေပင် ဖြစ်ပေသည်။

အရှေ့ အနောက် ဝိဝါဒကွဲပြားမှုတွင် ဘူဂေးရီယန်း အသင်းတော်အတွင်း အသင်းတော်ဆိုင်ရာ စီရင်ထုံး ချမှတ် ပိုင်ခွင့်သည် ပါဝင်ခဲ့ပေသည်။ အလားတူပင် ဖီလစ်ကွ် (သားတော် ဆီမှ) ဥပဒေနှင့် ဆိုင်သော သြဝါဒဆိုင်ရာ အငြင်း ပွားမှုသည်လည်း ပါဝင်ခဲ့ပေသည်။ ၎င်းဥပဒေကို လက်တင်အသင်းတော်တွင် နိုက်နီ အယူဝါဒထဲ၌ ထပ် ပေါင်း ထည့်ခဲ့ပေသည်။ ၎င်းသည် နောက်ပိုင်း ၁၁ ရာစုတွင် အရှေ့ အနောက် ကြီးမားစွာ ဂိုဏ်းကွဲခဲ့ရသည့် ဘာသာရေးဆိုင်ရာ အယူအဆ သီအိုရီ အချက်အလက် ဖြစ်လာခဲ့ပေသည်။

ပိုတီးယာ့စ်သည် ဘူဂေးရီးယား၏ စီရင်ထုံး ချမှတ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ လိုက်လျောသည့် မှုကို ဆောင်ကြဉ်းပေး ခဲ့၍၊ ဘူဂေးရီးယားနှင့် ရောမ ပြန်လည်ဆက်သွယ်သည့် ပုပ်ရဟန်းဆိုင်ရာ သံတမန်ကို ခန့်အပ်ခဲ့ပေသည်။ ဤ လိုက်လျောမှု ဘူဂေးရီးယားမှ ဘိုင်ဇန်တိုင် ဝတ်ပြုခြင်းသို့ ပြန်ဝင်လာခြင်း (အေဒီ ၈၇၀)သည် အမည်ခံမျှသာ ဖြစ်သော်လည်း ၎င်းသည် ကိုယ်ပိုင် ပြဌာန်းခွင့်ရှိသည့် အသင်းတော် အဖြစ် တည်ရှိမှုမှာ ခိုင်မြဲစေပေသည်။ ဘူဂေးရီးယားမှ ဘောရစ် (၁)၏ လိုက်လျောမှုမရှိဘဲ ပုပ်ရဟန်းမင်းဆိုင်ရာ ဆောင်ရွက်ချက် ပြဌာန်းချက်များမှာ ဥပဒေတစ်ရပ် ဖြစ်တည်လာနိုင်ခြင်း မရှိချေ။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com